# ရထားဖြင့်တင်ပို့မည့် ပြည်တွင်းကုန်၊ ပြည်ပသို့ပို့ကုန်၊ ပြည်ပမှသွင်းကုန် ပစ္စည်းများ စနစ်တကျသယ်ယူပို့ဆောင်နိုင်ရေး စံပြုလုပ်ငန်းစဉ်

**နိဒါန်း**

၁။ ရထားဖြင့် ပြည်တွင်းကုန်၊ ပြည်ပသို့ပို့ကုန်၊ ပြည်ပမှသွင်းကုန်ပစ္စည်းများ စနစ်တကျသယ်ယူပို့ဆောင်ရာတွင် ကုန်တင်ပို့သူအမည်၊ ကုန်တင်ပို့သည့်ဘူတာ၊ ကုန်ရွေးသူအမည်၊ ကုန်ရွေးမည့်ဘူတာ၊ တင်ပို့မည့်ကုန် ပစ္စည်းအရေအတွက်၊ ကုန်ပစ္စည်းအလေးချိန်၊ ပစ္စည်းအမျိုးအမည်၊ ခွင့်ပြုသည့်ကာလအပိုင်းအခြားများပါရှိသည့် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း၊ ဌာနများ၏ခွင့်ပြုသည့်အမိန့်စာအထောက်အထားစာရွက်စာတမ်းများဖြင့် သက်ဆိုင်ရာဘူတာများသို့ ကြိုတင်လျှောက်ထားပြီး၊ မြန်မာ့မီးရထားရုံးချုပ်၏ ခွင့်ပြုချက်ရရှိပြီးနောက် သက်ဆိုင်ရာဘူတာများမှ ကုန်တင်ပို့ရာတွင်သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းစနစ်များအတိုင်း လိုက်နာဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၂။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရထားဖြင့်ပြည်တွင်းသယ်ယူပို့ဆောင်သည့် ကုန်ပစ္စည်းများနှင့် ပြည်ပသို့ပို့ကုန်/ ပြည်ပမှသွင်းကုန်ပစ္စည်းများကို အလွယ်တကူခွဲခြားဆောင်ရွက်နိုင်ရန်။

(ခ) ပြည်တွင်းကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေးနှင့် လိုအပ်သည့်အချက်အလက်များ၊ အထောက်အထားစာရွက်စာတမ်းများအား သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများထံမှ အချိန်နှင့်တစ်ပြေးညီရရှိပြီးလုပ်ငန်းများ အဆင်ပြေစွာဆောင်ရွက်နိုင်ရန်။

(ဂ) ကုန်တင်/ကုန်ရွေး ဘူတာများတွင် သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၏ တာဝန်ရှိသူများ လွယ်ကူစွာ ပူးပေါင်းစစ်ဆေးဆောင်ရွက်နိုင်ရန်နှင့်တရားမဝင်ကုန်သွယ်မှုများကို တားဆီးထိန်းချုပ်နိုင်ရန်။

(ဃ) ရထားဖြင့်သယ်ဆောင်မည့် ပြည်တွင်းကုန်၊ ပြည်ပသို့ပို့ကုန်၊ ပြည်ပမှသွင်းကုန် ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျသယ်ယူပို့ဆောင်ပေးနိုင်ရန်။

**ကုမ္ပဏီ/ကုန်ပစ္စည်းပိုင်ရှင်/ ကိုယ်စားလှယ်မှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ**

၃။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မိမိ၏ ကုန်စည်အမျိုးအမည်စာရင်းကို စာဖြင့်ရေးသား၍ မိမိတင်ပို့မည့်ဘူတာရှိသက်ဆိုင်ရာဝန်ထမ်းသို့ ပေးအပ်သည့် ကုန်စည်စာရင်းမိတ္တူကို လက်ဝယ်ထားရှိရမည်။

(ခ) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ တားမြစ်ထားသည့်ကုန်စည်များ၊ သတ်မှတ်ချက်များနှင့်မညီသည့် ဘေးအန္တရာယ်ဖြစ်စေတတ်သော ကုန်စည်များ၊ အများပြည်သူအတွက်

မနှစ်မြို့ဖွယ်ရာ ကုန်စည်များနှင့် သက်ဆိုင်ရာအစိုးရဌာနကဖြစ်စေ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းကဖြစ်စေ တားမြစ်ထားသည့်ကုန်စည်များကို သက်ဆိုင်ရာ ဌာနများ၏ ခွင့်ပြုချက်ရရှိခြင်းမရှိဘဲ တင်ပို့ခြင်းမပြုရ။

(ဂ) ရထားဖြင့် ပြည်တွင်းမှ ပြည်ပသို့ တင်ပို့ရန်ရည်ရွယ်သည့် ကုန်ပစ္စည်းများအတွက် အောက်ဖော်ပြပါ စာရွက်စာတမ်းများကို မြန်မာ့မီးရထားသို့ ပူးတွဲတင်ပြရမည်-

(၁) ပို့ကုန်လိုင်စင်

(၂) သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်နှင့် လိုအပ်သောအထောက်အထား စာရွက်စာတမ်းများ

(ဃ) ရထားဖြင့် ပြည်ပမှပြည်တွင်းသို့ တင်သွင်းလာသည့်ကုန်ပစ္စည်းများအတွက် အောက်ဖော်ပြပါ စာရွက်စာတမ်းများကို မြန်မာ့မီးရထားသို့ ပူးတွဲတင်ပြရမည်-

(၁) သွင်းကုန်လိုင်စင်

(၂) သွင်းကုန်ကြေညာလွှာ

(၃) သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်နှင့် လိုအပ်သောအထောက်အထား စာရွက်စာတမ်းများ

(င) ပြည်တွင်း၌ ကန့်သတ်/တားမြစ်ကုန်ပစ္စည်းများကို ရထားဖြင့် သယ်ယူပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ခွင့်ပြုချက်/ထောက်ခံချက်စာပါရှိရမည်။ခွင့်ပြု ချက်/ထောက်ခံချက်စာတွင် အောက်ပါအချက်အလက်များကို ထည့်သွင်းဖော်ပြ ပေးရမည်-

(កក) ပစ္စည်းများတင်ပို့ခြင်းကိုတာဝန်ယူဆောင်ရွက်မည့်သူ၏အမည်

(ခခ) မည်သည့်ဘူတာမှတင်ပို့မည်

(ဂဂ) ကုန်ရွေးမည့်သူ၏အမည်

(ဃဃ) ရွေးယူမည့်ဘူတာ

(ငင) ကုန်ထုပ်အရေအတွက်

(စစ) တစ်ထုပ်စီ၏ အလေးချိန်

(ဆဆ) အတွင်းရှိပစ္စည်းအမျိုးအမည်

(ဇဇ) ခွင့်ပြုသည့်ကာလအပိုင်းအခြား

(၂) လုံခြုံရေးအရ တားမြစ်ထားသည့်ကန့်သတ်ကုန်များဖြစ်ပါက သက်ဆိုင်ရာ ကာကွယ်ရေးဝန်ကြီးဌာန(သို့မဟုတ်) ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်/ ထောက်ခံချက်စာများပါရှိရမည်၊

(၃) အခြားဌာနများ၏ ကန့်သတ်ကုန်များဖြစ်ပါက သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုချက်/ထောက်ခံချက်စာများပါရှိရမည်။

(စ) ပြည်ပသို့တင်ပို့မည့် ကုန်ပစ္စည်းများအား ရထားဖြင့် တင်ဆောင်ပြီးပါက ပြည်ပသို့ ဆက်လက်တင်ပို့ရန်အတွက် ကုန်သွယ်ရေးဦးစီးဌာနမှ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်လျှောက်ထားဆောင်ရွက်ရမည်။

(ဆ) ပြည်ပမှတင်သွင်းလာသည့် ကုန်ပစ္စည်းများနှင့်ပတ်သက်၍ ရထားဖြင့်ဆက်လက် တင်ဆောင်ပါက အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆက်လက်လျှောက်ထားဆောင်ရွက်ရမည်။

(ဇ) ကုမ္ပဏီ၊ ကုန်ပစ္စည်းပိုင်ရှင်၊ ကိုယ်စားလှယ်များသည် ကန့်သတ်/တားမြစ်ကုန် ပစ္စည်း များနှင့်ပတ်သက်၍ မြန်မာ့မီးရထားက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ နှင့်အညီလိုက်နာဆောင်ရွက်ရမည်။

**တွဲတောင်းခံခြင်းနှင့် တွဲခွဲဝေမိန့်လုပ်ငန်းစဉ်**

၄။ ကုန်တင်ပို့သူနှင့် မြန်မာ့မီးရထားမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကုန်တင်ပို့မည့်သူသည် သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်အမိန့်စာရရှိပါက ကုန်တင်ပို့ လိုသည့် ဘူတာရုံပိုင်(သို့မဟုတ်)ကုန်ရုံတာဝန်ခံထံ ဆက်သွယ်၍ တင်ပို့လိုသည့် အချက်အလက်များကိုဖော်ပြပြီး၊ မြန်မာ့မီးရထားသို့ တွဲတောင်းခံခြင်းဆောင်ရွက် ရမည်၊

(ခ) ရုံပိုင်အနေဖြင့် အထက်ပါတောင်းခံမှုအရ တွဲနေရာတောင်းခံမှု စာရင်းစာအုပ်(ပုံစံ-သပ-၁၃၇) ကို ပြုစုရေးသွင်းပြီး မီးရထားကြေးနန်းဖြင့် သက်ဆိုင်ရာတိုင်းပို့ဆောင်ရေး မန်နေဂျာထံ တိုက်ရိုက်ပေးပို့ရပါမည်၊

(ဂ) သက်ဆိုင်ရာ တိုင်းမန်နေဂျာများမှ အထွေထွေမန်နေဂျာ(စီးပွားရေး)ရုံးသို့ နံနက် (၀၈:၃၀) အချိန်တွင် ဆက်လက်တင်ပြတောင်းခံရပါမည်။

(ဃ) အထွေထွေမန်နေဂျာ(စီးပွားရေး)ရုံးမှ သက်ဆိုင်ရာတိုင်းအသီးသီးသို့ နံနက် (၁၀:၀၀) နာရီတွင် တွဲခွဲဝေမိန့်များထုတ်ပေးပါမည်။

(င) တွဲခွဲဝေမိန့်ရရှိပြီးပါက သက်ဆိုင်ရာဘူတာများသို့ ရရှိသည့်တွဲအမှတ်နှင့်တကွ ပစ္စည်းတင်ဆောင်နိုင်ရေး ခွဲဝေမိန့်များထုတ်ပေးရပါမည်။

**ကုန်ပစ္စည်းများအား ရထားဖြင့်ကုန်တင်ခြင်းလုပ်ငန်းစဉ်**

၅။ ကုန်တင်တွဲရရှိပြီးနောက် ဘူတာရုံပိုင်(သို့မဟုတ်) ကုန်ရုံတာဝန်ခံ၏ဆက်သွယ်မှုကို ကုန်တင်ပို့သူကရရှိပါက ကုန်စည်တင်ပို့နိုင်ရေးအတွက် ကုန်စည်အပ်နှံသူနှင့် ရထားဝန်ထမ်းများအနေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ရပါမည်-

(က) **သာမန်အခြေအနေ။** အောက်ပါအတိုင်းဆောင်ရွက်ရပါမည်-

(၁) **တန်ဆာပြုလုပ်ခြင်း။** တန်ဆာပြုလုပ်ရာတွင် အောက်ပါအချက်များကို မီးရထားပုံနှိပ်ပုံစံတွင် ထည့်သွင်းရေးသားရပါမည်-

(ကက) တင်ပို့သည့်ဘူတာအမည်

(ခ ခ) ကုန်ရွေးဘူတာအမည်၊ အတိုကောက်နံပါတ်

(ဂ ဂ) စာရှည်နံပါတ်

(ဃဃ) နေ့စွဲ

(င င) တန်ဆာနံပါတ်

(စ စ) ကုန်ပို့သူအမည်

(ဆဆ) ကုန်ရွေးမည့်သူအမည်နှင့် နေရပ်လိပ်စာ

(ဇ ဇ) ချုပ်ဆိုသည့်တာဝန်ခံ စာချုပ်အမျိုးအမည်

(ဈ ဈ) တွဲလုံးပြည့်တန်ဆာဖြစ်ပါက တွဲနံပါတ်၊ တွဲအမျိုးအစား၊ တင်နိုင်သည့်အလေးချိန်

**(၂)** **တွဲတင်ခြင်း(Loading)။** ကုန်တင်ပို့သူမှ မိမိကုန်ပစ္စည်း အမျိုးအစားများအား တွဲများပေါ်တင်ဆောင်ရာတွင်တွဲ၏ ခွင့်ပြုဝန်ချိန်အတိုင်း ညီမျှစွာတင်ဆောင်ရမည်ကိုသိရှိပြီး၊ တာဝန်ကျရထားဝန်ထမ်းမှလည်းခွင့်ပြုပစ္စည်း၊ ခွင့်ပြုဝန်ချိန် မှန်ကန်စွာတင်ဆောင်ကြောင်း စစ်ဆေးကြည့်ရှုရပါမည်။

**(၃)** **ဆီးလ်လေဘယ်ရေးထိုးခြင်း(Sealed Label)။** ကုန်ပစ္စည်းများတန်ဆာရေးဆွဲပြီးပါက တွဲတံခါးများအားလုံး သံစို့မူလီများဖြင့် စနစ်တကျပိတ်၍ ဆီးလ်လေဘယ်ချိတ်ဆွဲပြီး လိုရာခရီးသို့ ချိတ်ဆက်ပို့ဆောင်ပေးရပါမည်။

**(၄)** **တန်ဆာအပ်နှံခြင်း။** ခရီးစဉ်အလိုက် တင်ပို့သူများ၏ ကုန်ပစ္စည်းဆိုင်ရာအချက်အလက်များအား မီးရထားပုံနှိပ်ပုံစံ စာရှည်တန်ဆာ(လမ်းညွှန်)တွင် စနစ်တကျရေးသွင်းပြီး တာဝန်ခံဘူတာစာရေး(သို့မဟုတ်) ကုန်ရုံစာရေးမှ

လက်မှတ်ရေးထိုး၍ ရထားလိုက် ကုန်စာရေး(သို့မဟုတ်) ရထားထိန်းအား လက်မှတ်ရေးထိုးအပ်နှံရပါမည်။

(၅) **ခရီးဆုံးဘူတာသို့ရောက်ရှိခြင်း။** မိမိဘူတာသို့ ရောက်ရှိလာသော ကုန်ပစ္စည်းများအား တန်ဆာဖြတ်ပိုင်းလက်ခံရရှိပြီး တန်ဆာပေါ်တွင် ဖော်ပြထားသော ကုန်ပစ္စည်းအတန်းအစား၊ သတ်မှတ်ချက် မှန်/မမှန်၊ နှုန်းထားများ မှန်/မမှန် စသည်တို့အား ပြန်လည်စစ်ဆေးပြီး ရကုန်ရွေးစာအုပ်တွင် စာရင်းရေးသွင်းရပါမည်။ ကုန်ပစ္စည်းများ လာရောက်ထုတ်ယူပါက ကုန်ရွေးသူအား ရကုန်ရွေးစာအုပ်(Inward Delivery Book)တွင် မှန်ကန်စွာလက်ခံရရှိကြောင်း လက်မှတ်ရေးထိုး၍ နေရပ်လိပ်စာ အပြည့်အစုံရေးသွင်းခိုင်းရပါမည်။

(ခ) **ကုန်တင်ပို့သူလိုအပ်ချက်(သို့မဟုတ်)မတော်တဆမှုအရ ဖြစ်ပေါ်လာသော သာမန်မဟုတ်သော အခြေအနေ။** အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(၁) **ကြားဖြတ်ကုန်ပစ္စည်းရွေးယူခြင်း။** ခရီးဆုံးဘူတာသို့ တန်ဆာပြုလုပ်ထားသော ကုန်ပစ္စည်းများအား ပိုင်ရှင်ဆန္ဒအရ လမ်းခုလတ်ဘူတာတွင် ရွေးယူလိုကြောင်း သက်ဆိုင်ရာဘူတာ တာဝန်ခံသို့ ကြိုတင် တင်ပြလာပါက ရုံပိုင်(သို့မဟုတ်) ဘူတာစာရေးသည် သက်ဆိုင်ရာ မန်နေဂျာ(သွားလာရေး/တိုင်း)မှတဆင့် ဒုတိယအထွေထွေမန်နေဂျာ(ကုန်စည်)ထံသို့ အဆင့်ဆင့်တင်ပြပြီး ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ပေးရမည်။ ရရှိလာသည့် ခွင့်ပြုချက်စာ(သို့မဟုတ်) ကြေးနန်းအမှတ်၊နေ့စွဲတို့ကို တန်ဆာစာရွက်ပေါ်တွင် မှတ်တမ်းတင်ရေးသားပြီး တန်ဆာနှင့် အတူ ပူးတွဲ သိမ်းဆည်းထားရမည်။

(၂) **ကုန်ပစ္စည်းများထပ်ဆင့်တန်ဆာပြုလုပ်ခြင်း**

(ကက) ကုန်ပစ္စည်းတန်ဆာပါ ခရီးဆုံးဘူတာတွင် ရွေးယူခြင်းမပြုဘဲ မူလကုန်တင်ပို့သည့်ဘူတာသို့ဖြစ်စေ၊ အခြားဘူတာတစ်ခုသို့ဖြစ်စေ ထပ်ဆင့် တန်ဆာပြုလုပ်ပေးရန် ပိုင်ရှင်ကတောင်းဆိုလျှင် ထပ်ဆင့် တန်ဆာ ပြုလုပ်ပေးရမည်။

(ခခ) ထပ်ဆင့်တန်ဆာပြုလုပ်လိုလျှင် ကုန်တင်ပို့သူ (သို့မဟုတ်) ကုန်ရွေးမည့်သူသည် ရုံပိုင်အား စာရေး၍သော်လည်းကောင်း၊ လူကိုယ်တိုင် လာရောက်၍ သော်လည်းကောင်း အကြောင်းကြားရမည်။

(ဂဂ) ထပ်ဆင့်တန်ဆာပြုလုပ်လိုပါက

<u>ရုံပိုင်(သို့မဟုတ်)ဘူတာစာရေး</u>သည် သက်ဆိုင်ရာ မန်နေဂျာ

(သွားလာရေး/တိုင်း)မှတဆင့် ဒုတိယအထွေထွေမန်နေဂျာ (ကုန်စည်)ထံသို့ အဆင့်ဆင့်တင်ပြပြီး ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ပေးရမည်။ ရရှိလာသည့် ခွင့်ပြုချက်စာ (သို့မဟုတ်) ကြေးနန်းအမှတ်၊ နေ့စွဲတို့ကို တန်ဆာစာရွက်ပေါ်တွင် မှတ်တမ်းတင်ရေးသားပြီး ထပ်ဆင့်တန်ဆာနှင့်အတူ ပူးတွဲသိမ်းဆည်းထားရမည်။

(ဃဃ) ထပ်ဆင့်တန်ဆာပေါ်တွင် ထပ်ဆင့်တန်ဆာ ပြုလုပ်ရသည့်အတွက် တန်ဆာခ၊ ထပ်ဆင့်တန်ဆာ ပြုလုပ်ရသည့်အတွက် တွဲညောင်းခ (၁)ရက်စာနှင့်ညီမျှသော ကျသင့်ငွေ၊ တွဲကြန့်ကြာမှုရှိပါက တွဲဒဏ်တို့ကိုကောက်ခံရပါမည်။

( င င ) ထပ်ဆင့်တန်ဆာပြုလုပ်ရာတွင် တန်ဆာခကို အမှန်ပေးပို့သည့်မိုင်အတိုင်း ကောက်ခံရမည်။

(၃) **တွဲညောင်းခ(Demurrage Charge)။ ကုန်တွဲများ အတင်/အချ ကြန့်ကြာမှုမရှိစေရေးကိုရည်ရွယ်၍ တွဲညောင်းခအဖြစ်ကောက်ခံပါသည်။** ကုန်တွဲတစ်တွဲကို အတင်/အချ ပြုလုပ်ခြင်းအတွက် ခွင့်ပြုသည့်အချိန်မှစ၍ (၂၄)နာရီအထိနှင့်တွဲအဆိုင်းလိုက် အတင်/အချပြုလုပ်ခြင်းအတွက် (၄၈)နာရီ တွဲညောင်းခကင်းလွတ်ခွင့်ပြုပါသည်။ တနင်္ဂနွေနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များတွင် တွဲညောင်းခကင်းလွတ်ခွင့်ပြုသည်။ (၈)ဘီးတွဲ(၁)တွဲကို (၁)ရက် တွဲညောင်းခ (၆၀,၀၀၀/-) ကျပ် ကောက်ခံရပါသည်။

**ကုန်တင်/ကုန်ရွေးပြုလုပ်နိုင်မည့်ဘူတာများ**

၆။ ကုန်တင်/ကုန်ရွေး ပြုလုပ်နိုင်မည့်ဘူတာများမှာ အောက်ဖော်ပြပါအတိုင်း သတ်မှတ်သော်လည်း ကုန်တင်ပို့သူများ၏ လိုအပ်ချက်များအရ တင်ပို့လိုပါက မြန်မာ့မီးရထား၊ ရုံးချုပ်၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်-

(က) **ရန်ကုန်-မန္တလေးလမ်းပိုင်း**
**နောက်ဆက်တွဲ(က)ဖြင့် ဖော်ပြအပ်ပါသည်။**

(ခ) **မန္တလေး-မြစ်ကြီးနားလမ်းပိုင်း**
**နောက်ဆက်တွဲ(ခ)ဖြင့် ဖော်ပြအပ်ပါသည်။**

(ဂ) **ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ်-လမ်းပိုင်း**
**နောက်ဆက်တွဲ(ဂ)ဖြင့် ဖော်ပြအပ်ပါသည်။**

(ဃ) **ရန်ကုန်-ပြည်လမ်းပိုင်း**
**နောက်ဆက်တွဲ(ဃ)ဖြင့် ဖော်ပြအပ်ပါသည်။**

(င) **သာစည်-ရွှေညောင်-တောင်ကြီး-ပင်းပက်လမ်းပိုင်း**
**နောက်ဆက်တွဲ(င)ဖြင့် ဖော်ပြအပ်ပါသည်။**

(စ) **ပုသိမ်-ဟသ်ာတ-ကြံခင်းလမ်းပိုင်း**
**နောက်ဆက်တွဲ(စ)ဖြင့် ဖော်ပြအပ်ပါသည်။**

(ဆ) **မန္တလေး-မုံရွာ-ဘုတလင်-ချောင်းဦး-ရေဦးလမ်းပိုင်း**
**နောက်ဆက်တွဲ(ဆ)ဖြင့် ဖော်ပြအပ်ပါသည်။**

(ဇ) **မန္တလေး-ပြင်ဦးလွင်-လားရှိုးလမ်းပိုင်း**
**နောက်ဆက်တွဲ(ဇ)ဖြင့် ဖော်ပြအပ်ပါသည်။**

(ဈ) **တောင်တွင်းကြီး-ပုဂံ-အောင်လံလမ်းပိုင်း**
**နောက်ဆက်တွဲ(ဈ)ဖြင့် ဖော်ပြအပ်ပါသည်။**

(ည) **ပခုက္ကူ-ကလေးလမ်းပိုင်း**
**နောက်ဆက်တွဲ(ည)ဖြင့် ဖော်ပြအပ်ပါသည်။**

(ဋ) **ပခုက္ကူ-ကျွန်းချောင်း-ဆိတ်ဖြူလမ်းပိုင်း**
**နောက်ဆက်တွဲ(ည)ဖြင့် ဖော်ပြအပ်ပါသည်။**

**(ဌ) ချောင်းဦး-ပခုက္ကူလမ်းပိုင်း**
**နောက်ဆက်တွဲ(ည)ဖြင့် ဖော်ပြအပ်ပါသည်။**

**(ဍ) ကျော-ကလေးလမ်းပိုင်း**
**နောက်ဆက်တွဲ(ဋ)ဖြင့် ဖော်ပြအပ်ပါသည်။**

**သက်ဆိုင်ရာစစ်ဆေးရေးအဖွဲ့များမှ စစ်ဆေးဆောင်ရွက်ပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

၇။ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြည်ပပို့ကုန်ပစ္စည်းတင်ဆောင်မည့် မီးရထားတွဲများစာရင်းအား သက်ဆိုင်ရာတိုင်း မန်နေဂျာထံမှရရှိပါက သက်ဆိုင်ရာ ကုန်တင်မည့်ဘူတာ/ကုန်ချွေးမည့် ဘူတာ၌ စစ်ဆေးနိုင်ရေး ကြိုတင်ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(ခ) ကုန်ချဘူတာတွင် စစ်ဆေးမည်ဆိုပါက မီးရထား၏ သတ်မှတ်ချက်ဖြစ်သော ကုန်တွဲ (၁)တွဲအတွက် (၂၄)နာရီအတွင်း စစ်ဆေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(ဂ) ကုန်ချဘူတာတွင် စစ်ဆေးမည်ဆိုပါက မီးရထား၏ သတ်မှတ်ချက်ဖြစ်သော တွဲဆိုင်း (၁)ဆိုင်းအတွက် (၄၈)နာရီအတွင်း စစ်ဆေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(ဃ) လုပ်ငန်းလိုအပ်ချက်အရ သက်ဆိုင်ရာဌာန၏ စစ်ဆေးရေးအရာရှိများက လမ်းခရီး၌ စစ်ဆေးရန်ရှိပါက မြန်မာ့မီးရထား၏ တာဝန်ရှိသူများနှင့် ညှိနှိုင်းပြီး သတ်မှတ်သည့် ဘူတာတွင် သွားရောက်စစ်ဆေးနိုင်ရေးဆောင်ရွက်ပေးရန်၊

(င) အထက်ဖော်ပြပါ အပိုဒ်ခွဲ(ခ)နှင့်(ဂ)ပါ သတ်မှတ်ချိန်များကို ကျော်လွန်ဆောင်ရွက်ရန် လိုအပ်ပါက စစ်ဆေးသည့်အဖွဲ့အစည်းမှ လုပ်ငန်းအခြေအနေဖော်ပြ၍ မြန်မာ့မီးရထား တာဝန်ရှိသူထံ ညှိနှိုင်းစာပေးပို့ရန်။

**အထွေထွေ**

၈။ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပြည်တွင်းကုန်၊ ပြည်ပသို့ပို့ကုန်၊ ပြည်ပမှသွင်းကုန်ပစ္စည်းများအတွက် ကန့်သတ်ကုန်ပစ္စည်း၊ တားမြစ်ကုန်ပစ္စည်း၊ ပိတ်ပင်ကုန်ပစ္စည်းများသတ်မှတ်ခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများမှ အချိန်မီထုတ်ပြန်ကြေညာပေးရမည်၊

(ခ) ပြောင်းလဲမှုရှိပါက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်အကြောင်းကြားပေးရမည်၊

(ဂ) မော်တော်ယာဉ်ဖြင့် ကုန်ပစ္စည်းများသယ်ဆောင်ခြင်းအတွက် အသုံးပြုသည့် ကုန်တင်လွှာစာရင်းချုပ်(Manifest)အသုံးပြုသကဲ့သို့ မြန်မာ့မီးရထား၏ နည်းဥပဒေအရ ထုတ်ပြန်သတ်မှတ်ထားပြီးဖြစ်သော**"မြန်မာ့မီးရထားကုန်ပို့မှတ်တမ်း(Goods Consignment Note)T-4519၊ ကုန်တန်ဆာစာအုပ်(Goods Receipt Book) TA/3009/B၊ ကုန်စာရင်း (Goods Invoice)T-4648"** တို့အား သက်ဆိုင်ရာဌာနများ၏ လိုအပ်သောအထောက်အထား စာရွက်စာတမ်းများနှင့်အတူ ကုန်ပစ္စည်းများသယ်ဆောင်ခြင်းအား စစ်ဆေးနိုင်ရန် အသုံးပြုသွားရမည်။

**နိဂုံး**

၉။ ရထားဖြင့်ပြည်တွင်းသယ်ယူပို့ဆောင်သည့် ကုန်ပစ္စည်းများ၊ ပြည်ပသို့ပို့ကုန်၊ ပြည်ပမှသွင်းကုန်ပစ္စည်းများကို အလွယ်တကူခွဲခြားဆောင်ရွက်နိုင်ခြင်း၊ ပြည်တွင်းကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေခြင်း၊ ကုန်တင်ဘူတာ၊ကုန်ချွေးဘူတာများတွင် သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၏ တာဝန်ရှိသူများမှ လွယ်ကူစွာပူးပေါင်းစစ်ဆေး ဆောင်ရွက်နိုင်ခြင်း၊ တရားမဝင်ကုန်သွယ်မှုများကို တားဆီးထိန်းချုပ်နိုင်ခြင်းနှင့် မီးရထားဖြင့် သယ်ဆောင်မည့် ပြည်တွင်းကုန်၊ ပြည်ပသို့ပို့ကုန်၊ ပြည်ပမှသွင်းကုန်ပစ္စည်းများကို လုပ်ထုံးလုပ်နည်း များနှင့်အညီ စနစ်တကျသယ်ယူပို့ဆောင်ပေးနိုင်ခြင်းတို့ကြောင့် ပိုမိုကောင်းမွန်ချောမွေ့သည့် ရထားဖြင့်ကုန်စည်ပို့ဆောင်ခြင်းစနစ် ပိုမိုအားကောင်းလာစေမည် ဖြစ်သည့်အတွက် စံပြုလုပ်ငန်းစဉ်(SOPs)အတိုင်း လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

# ရန်ကုန်-မန္တလေးလမ်းပိုင်း

နောက်ဆက်တွဲ(က)

| စဉ် | ဘူတာအမည် | မီးရထား တိုင်းအမှတ် | စဉ် | ဘူတာအမည် | မီးရထား တိုင်းအမှတ် |
|---|---|---|---|---|---|
| ၁ | ရန်ကုန် | တိုင်း(၇) | ၃၃ | ရေနီ | တိုင်း(၅) |
| ၂ | သီလဝါ | တိုင်း(၇) | ၃၄ | သာဝတ္ထိ | တိုင်း(၅) |
| ၃ | ကွေ့မ | တိုင်း(၇) | ၃၅ | ဧလာ | တိုင်း(၅) |
| ၄ | မိုလ်တထောင် | တိုင်း(၇) | ၃၆ | ပျဉ်းမနား | တိုင်း(၅) |
| ၅ | ဝါးတန်း | တိုင်း(၇) | ၃၇ | ရွာတော် | တိုင်း(၅) |
| ၆ | ပုဇွန်တောင် | တိုင်း(၇) | ၃၈ | နေပြည်တော် | တိုင်း(၅) |
| ၇ | တိုးကြောင်ကလေး | တိုင်း(၇) | ၃၉ | ကျည်တောင်ကန် | တိုင်း(၅) |
| ၈ | ရွာသာကြီး | တိုင်း(၇) | ၄၀ | တပ်ကုန်း | တိုင်း(၅) |
| ၉ | ဒါးပိန် | တိုင်း(၇) | ၄၁ | ရမည်းသင်း | တိုင်း(၅) |
| ၁၀ | ထုံးကြီး | တိုင်း(၆) | ၄၂ | ရွှေဒါး | တိုင်း(၅) |
| ၁၁ | ကျောက်တန်း | တိုင်း(၆) | ၄၃ | ပျော်ဘွယ် | တိုင်း(၅) |
| ၁၂ | ပဲခူး | တိုင်း(၆) | ၄၄ | ညောင်ရမ်း | တိုင်း(၄) |
| ၁၃ | ပျဉ်ပုံကြီး | တိုင်း(၆) | ၄၅ | သာစည် | တိုင်း(၄) |
| ၁၄ | ကဒုတ် | တိုင်း(၆) | ၄၆ | သဲတော | တိုင်း(၃) |
| ၁၅ | ဒိုက်ဦး | တိုင်း(၆) | ၄၇ | သပြေတောင်း | တိုင်း(၃) |
| ၁၆ | ပြွန်တန်ဆာ | တိုင်း(၆) | ၄၈ | ကူမဲလမ်း | တိုင်း(၃) |
| ၁၇ | ညောင်လေးပင် | တိုင်း(၆) | ၄၉ | မြစ်သား | တိုင်း(၃) |
| ၁၈ | ပိန်းဇလုတ် | တိုင်း(၆) | ၅၀ | မင်းစု | တိုင်း(၃) |
| ၁၉ | ကျောက်တံခါး | တိုင်း(၆) | ၅၁ | ကျောက်ဆည် | တိုင်း(၃) |
| ၂၀ | ပဲနွယ်ကုန်း | တိုင်း(၆) | ၅၂ | ဘဲလင်း | တိုင်း(၃) |
| ၂၁ | ကညွတ်ကွင်း | တိုင်း(၆) | ၅၃ | ပလိပ် | တိုင်း(၃) |
| ၂၂ | ဖြူး | တိုင်း(၆) | ၅၄ | မြစ်ငယ် | တိုင်း(၃) |
| ၂၃ | ဇေယျဝတီ | တိုင်း(၆) | ၅၅ | မြို့ဟောင်း | တိုင်း(၃) |
| ၂၄ | ညောင်ခြေထောက် | တိုင်း(၆) | ၅၆ | မန္တလေး | တိုင်း(၃) |
| ၂၅ | ကျွဲပွဲ | တိုင်း(၆) | | | |
| ၂၆ | အုတ်တွင်း | တိုင်း(၆) | | | |
| ၂၇ | တောင်ငူ | တိုင်း(၅) | | | |

| | | | | | |
|---|---|---|---|---|---|
| ၂၈ | ကျေးတော | တိုင်း(၅) | | | |
| ၂၉ | ကျွန်းကုန်း | တိုင်း(၅) | | | |
| ၃၀ | ရေတာရှည် | တိုင်း(၅) | | | |
| ၃၁ | ဆွာ | တိုင်း(၅) | | | |
| ၃၂ | မြို့လှ | တိုင်း(၅) | | | |

# မန္တလေး-မြစ်ကြီးနားလမ်းပိုင်း

နောက်ဆက်တွဲ(ခ)

| စဉ် | ဘူတာအမည် | မီးရထား တိုင်းအမှတ် | စဉ် | ဘူတာအမည် | မီးရထား တိုင်းအမှတ် |
|---|---|---|---|---|---|
| ၁ | မန္တလေး | တိုင်း(၃) | ၂၄ | ချပ်ကြီး | တိုင်း(၂) |
| ၂ | မြို့ဟောင်း | တိုင်း(၃) | ၂၅ | ချပ်သင်း | တိုင်း(၂) |
| ၃ | အမရပူရ | တိုင်း(၃) | ၂၆ | ကန်ကြီး | တိုင်း(၂) |
| ၄ | ရွှေကြက်ယက် | တိုင်း(၃) | ၂၇ | ဇော်ချောင်း | တိုင်း(၂) |
| ၅ | စစ်ကိုင်း | တိုင်း(၂) | ၂၈ | ကိုးထောင်ဘို့ | တိုင်း(၂) |
| ၆ | ရွာထောင် | တိုင်း(၂) | ၂၉ | ကောလင်း | တိုင်း(၂) |
| ၇ | စာရေး | တိုင်း(၂) | ၃၀ | ဇီးဖြူပင် | တိုင်း(၂) |
| ၈ | ပဒူ | တိုင်း(၂) | ၃၁ | ဝန်းသို | တိုင်း(၂) |
| ၉ | ခက်ခ | တိုင်း(၂) | ၃၂ | ကင်း | တိုင်း(၂) |
| ၁၀ | ပေါက်ကန် | တိုင်း(၂) | ၃၃ | ဂျိုးတောင် | တိုင်း(၂) |
| ၁၁ | သာလှိုင်းရုံးသာ | တိုင်း(၂) | ၃၄ | နန်းခမ်း | တိုင်း(၂) |
| ၁၂ | ဝက်လက် | တိုင်း(၂) | ၃၅ | ဘုံချောင်း | တိုင်း(၂) |
| ၁၃ | မုဆိုးခြုံ | တိုင်း(၂) | ၃၆ | မဲဇာ | တိုင်း(၂) |
| ၁၄ | ရွှေဘို | တိုင်း(၂) | ၃၇ | ဆယ်ရွာ | တိုင်း(၂) |
| ၁၅ | မြင်းကသာ | တိုင်း(၂) | ၃၈ | အင်းတော် | တိုင်း(၂) |
| ၁၆ | ခင်ဦး | တိုင်း(၂) | ၃၉ | နဘား | တိုင်း(၂) |
| ၁၇ | မဒေါင်းလှ | တိုင်း(၂) | ၄၀ | ကသာ | တိုင်း(၂) |
| ၁၈ | ထန်းတပင် | တိုင်း(၂) | ၄၁ | ပင်ဝဲ | တိုင်း(၂) |
| ၁၉ | ညောင်ဇင် | တိုင်း(၂) | ၄၂ | မော်လူး | တိုင်း(၂) |
| ၂၀ | ထန်းကုန်း | တိုင်း(၂) | ၄၃ | နန်းစီအောင် | တိုင်း(၂) |
| ၂၁ | ကန့်ဘလူ | တိုင်း(၂) | ၄၄ | မော်ဟန် | တိုင်း(၁) |
| ၂၂ | ကျွန်းလှ | တိုင်း(၂) | ၄၅ | ကာဒူ | တိုင်း(၁) |
| ၂၃ | ပင့်သာ | တိုင်း(၂) | ၄၆ | မိုးညှင်း | တိုင်း(၁) |

| **စဉ်** | **ဘူတာအမည်** | **မီးရထား တိုင်းအမှတ်** | **စဉ်** | **ဘူတာအမည်** | **မီးရထား တိုင်းအမှတ်** |
|---|---|---|---|---|---|
| ၄၇ | နန်းမား | တိုင်း(၁) | ၅၃ | မရမ်း | တိုင်း(၁) |
| ၄၈ | မြို့သစ်ကလေး | တိုင်း(၁) | ၅၄ | မလိခ | တိုင်း(၁) |
| ၄၉ | ဟိုပင် | တိုင်း(၁) | ၅၅ | ပြည်ထောင် | တိုင်း(၁) |
| ၅၀ | နန်းခွင် | တိုင်း(၁) | ၅၆ | နန်းကွေ့ | တိုင်း(၁) |
| ၅၁ | ပင်းဘော | တိုင်း(၁) | ၅၇ | မြစ်ကြီးနား | တိုင်း(၁) |
| ၅၂ | နမ္မတီး | တိုင်း(၁) | | | |

# ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ် လမ်းပိုင်း

နောက်ဆက်တွဲ(ဂ)

| စဉ် | ဘူတာအမည် | မီးရထားတိုင်းအမှတ် | စဉ် | ဘူတာအမည် | မီးရထားတိုင်းအမှတ် |
|---|---|---|---|---|---|
| ၁ | ရန်ကုန် | တိုင်း(၇) | ၃၁ | ပလိုင်ကီး | တိုင်း(၈) |
| ၂ | ရွာသာကြီး | တိုင်း(၇) | ၃၂ | ရေး | တိုင်း(၈) |
| ၃ | ကျောက်တန်း | တိုင်း(၆) | ၃၃ | ပေါက်ပင်ကွင်း | တိုင်း(၈) |
| ၄ | ပဲခူး | တိုင်း(၆) | ၃၄ | နတ်ကြီးစင် | တိုင်း(၈) |
| ၅ | ကလို | တိုင်း(၆) | ၃၅ | မင်းသား | တိုင်း(၈) |
| ၆ | ဝေါ | တိုင်း(၆) | ၃၆ | ဂန္ဓဝေါ်တောင် | တိုင်း(၈) |
| ၇ | သိမ်ဇရပ် | တိုင်း(၈) | ၃၇ | ကလိန်အောင် | တိုင်း(၈) |
| ၈ | မုပ္ပလင် | တိုင်း(၈) | ၃၈ | ရေဖြူ | တိုင်း(၈) |
| ၉ | ကျိုက္ကသာ | တိုင်း(၈) | ၃၉ | ထားဝယ် | တိုင်း(၈) |
| ၁၀ | ကျိုက်ထို | တိုင်း(၈) | | | |
| ၁၁ | မရမ်းကုန်း | တိုင်း(၈) | | | |
| ၁၂ | တောင်စွန်း | တိုင်း(၈) | | | |
| ၁၃ | နှင်းပုလဲ | တိုင်း(၈) | | | |
| ၁၄ | သိမ်ဆိပ် | တိုင်း(၈) | | | |
| ၁၅ | သထုံ | တိုင်း(၈) | | | |
| ၁၆ | ရင်းညိမ် | တိုင်း(၈) | | | |
| ၁၇ | ဇင်းကျိုက် | တိုင်း(၈) | | | |
| ၁၈ | ပေါင် | တိုင်း(၈) | | | |
| ၁၉ | သဲဖြူကုန်း | တိုင်း(၈) | | | |
| ၂၀ | မော်လမြိုင် | တိုင်း(၈) | | | |
| ၂၁ | မှိန်းကနှိမ်း | တိုင်း(၈) | | | |
| ၂၂ | မုဒုံ | တိုင်း(၈) | | | |
| ၂၃ | ကမာဝက် | တိုင်း(၈) | | | |
| ၂၄ | သံဖြူဇရပ် | တိုင်း(၈) | | | |
| ၂၅ | ပင | တိုင်း(၈) | | | |
| ၂၆ | ကရုပ္ပိ | တိုင်း(၈) | | | |
| ၂၇ | အနှင်း | တိုင်း(၈) | | | |

| | | | | | |
|---|---|---|---|---|---|
| ၂၈ | နှစ်ကရင် | တိုင်း(၈) | | | |
| ၂၉ | လမိုင်း | တိုင်း(၈) | | | |
| ၃၀ | တောင်ပုံ | တိုင်း(၈) | | | |

# ရန်ကုန်-ပြည်လမ်းပိုင်း

နောက်ဆက်တွဲ(ဃ)

| စဉ် | ဘူတာအမည် | မီးရထားတိုင်းအမှတ် |
|---|---|---|
| ၁ | ရန်ကုန် | တိုင်း(၇) |
| ၂ | ကြည့်မြင်တိုင် | တိုင်း(၇) |
| ၃ | မှော်ဘီ | တိုင်း(၇) |
| ၄ | ဝါးနက်ချောင်း | တိုင်း(၇) |
| ၅ | ဖူးကြီး | တိုင်း(၇) |
| ၆ | တိုက်ကြီး | တိုင်း(၇) |
| ၇ | သနပ်ချောင်း | တိုင်း(၇) |
| ၈ | ဖလုံ | တိုင်း(၇) |
| ၉ | ဥက္ကံ | တိုင်း(၇) |
| ၁၀ | သုံးဆယ် | တိုင်း(၇) |
| ၁၁ | သာယာဝတီ | တိုင်း(၆) |
| ၁၂ | လက်ပံတန်း | တိုင်း(၆) |
| ၁၃ | စစ်ကွင်း | တိုင်း(၆) |
| ၁၄ | မင်းလှ | တိုင်း(၆) |
| ၁၅ | အိုးသည်ကုန်း | တိုင်း(၆) |
| ၁၆ | အုတ်ဖို | တိုင်း(၆) |
| ၁၇ | ကြို့ပင်ကောက် | တိုင်း(၆) |
| ၁၈ | ဇီးကုန်း | တိုင်း(၆) |
| ၁၉ | နတ္တလင်း | တိုင်း(၆) |
| ၂၀ | ပေါင်းတည် | တိုင်း(၆) |
| ၂၁ | ပုတီးကုန်း | တိုင်း(၆) |
| ၂၂ | သဲကုန်း | တိုင်း(၆) |
| ၂၃ | ဆင်မြီးဆွဲ | တိုင်း(၆) |
| ၂၄ | မှော်ဇာ | တိုင်း(၆) |
| ၂၅ | ပြည် | တိုင်း(၆) |
| ၂၆ | ရွှေတံခါး | တိုင်း(၆) |

# သာစည်-ရွှေညောင်-တောင်ကြီး-ပင်းပက်လမ်းပိုင်း

နောက်ဆက်တွဲ(င)

| စဉ် | ဘူတာအမည် | မီးရထားတိုင်းအမှတ် |
|---|---|---|
| ၁ | သာစည် | တိုင်း(၄) |
| ၂ | လှိုင်းတက် | တိုင်း(၄) |
| ၃ | ဘုရားငါးဆူ | တိုင်း(၄) |
| ၄ | ယင်းမာပင် | တိုင်း(၄) |
| ၅ | ရေပူ | တိုင်း(၄) |
| ၆ | လယ်ပြင် | တိုင်း(၄) |
| ၇ | ခွေးရုပ် | တိုင်း(၄) |
| ၈ | ဆင်တောင် | တိုင်း(၄) |
| ၉ | မြင်းဒိုက် | တိုင်း(၄) |
| ၁၀ | ကလော | တိုင်း(၄) |
| ၁၁ | အောင်ပန်း | တိုင်း(၄) |
| ၁၂ | ဟဲဟိုး | တိုင်း(၄) |
| ၁၃ | ရွှေညောင် | တိုင်း(၄) |
| ၁၄ | တောင်ကြီး | တိုင်း(၄) |
| ၁၅ | ပင်းပက် | တိုင်း(၄) |

# ပုသိမ်-ဟသ်ာတ-ကြံခင်း လမ်းပိုင်း

နောက်ဆက်တွဲ(စ)

| စဉ် | ဘူတာအမည် | မီးရထားတိုင်းအမှတ် |
|---|---|---|
| ၁ | ပုသိမ် | တိုင်း(၉) |
| ၂ | တကုန်းကြီး | တိုင်း(၉) |
| ၃ | ဘဲဂရက် | တိုင်း(၉) |
| ၄ | ဒါးက | တိုင်း(၉) |
| ၅ | ဂုံမင်း | တိုင်း(၉) |
| ၆ | ယိုးဒယားတက် | တိုင်း(၉) |
| ၇ | အသုတ် | တိုင်း(၉) |
| ၈ | ရေကြည် | တိုင်း(၉) |
| ၉ | ဇရပ်လှ | တိုင်း(၉) |
| ၁၀ | ခမောက်စု | တိုင်း(၉) |
| ၁၁ | ယုံသလင်း | တိုင်း(၉) |
| ၁၂ | နတ်မော် | တိုင်း(၉) |
| ၁၃ | ဟသ်ာတ | တိုင်း(၉) |
| ၁၄ | ဘုရားကုန်း | တိုင်း(၉) |
| ၁၅ | မဲဇလီကုန်း | တိုင်း(၉) |
| ၁၆ | ထူးကြီး | တိုင်း(၉) |
| ၁၇ | အင်ပင် | တိုင်း(၉) |
| ၁၈ | မြန်အောင် | တိုင်း(၉) |
| ၁၉ | ကြံခင်း | တိုင်း(၉) |
| ၂၀ | ဥသျှစ်ပင် | တိုင်း(၉) |

# မန္တလေး-မုံရွာ-ဘုတလင်-ချောင်းဦး-ရေဦး လမ်းပိုင်း

နောက်ဆက်တွဲ(ဆ)

| စဉ် | ဘူတာအမည် | မီးရထားတိုင်းအမှတ် |
|---|---|---|
| ၁ | မန္တလေး | တိုင်း(၃) |
| ၂ | မြို့ဟောင်း | တိုင်း(၃) |
| ၃ | အမရပူရ | တိုင်း(၃) |
| ၄ | ရွှေကြက်ယက် | တိုင်း(၃) |
| ၅ | စစ်ကိုင်း | တိုင်း(၂) |
| ၆ | ရွာထောင် | တိုင်း(၂) |
| ၇ | တေရော် | တိုင်း(၂) |
| ၈ | ညောင်ပင်ဝန်း | တိုင်း(၂) |
| ၉ | မြင်းမူ | တိုင်း(၂) |
| ၁၀ | အလာကပ္ပ | တိုင်း(၂) |
| ၁၁ | ချောင်းဦး | တိုင်း(၂) |
| ၁၂ | မုံရွာ | တိုင်း(၂) |
| ၁၃ | အလုံ | တိုင်း(၂) |
| ၁၄ | ဘုတလင် | တိုင်း(၂) |
| ၁၅ | ရေဦး | တိုင်း(၂) |

# မန္တလေး-ပြင်ဦးလွင်-လားရှိုးလမ်းပိုင်း

နောက်ဆက်တွဲ(ဇ)

| စဉ် | ဘူတာအမည် | မီးရထားတိုင်းအမှတ် |
|---|---|---|
| ၁ | မန္တလေး | တိုင်း(၃) |
| ၂ | သိုးခြံ | တိုင်း(၃) |
| ၃ | ထုံးဖို | တိုင်း(၃) |
| ၄ | ဆည်တော် | တိုင်း(၃) |
| ၅ | ဇီးပင်ကြီး | တိုင်း(၃) |
| ၆ | သုံးတောင် | တိုင်း(၃) |
| ၇ | အနီးစခန်း | တိုင်း(၃) |
| ၈ | ပြင်ဦးလွင် | တိုင်း(၃) |
| ၉ | ဝက်ဝံ | တိုင်း(၃) |
| ၁၀ | ဆင်လမ်းစု | တိုင်း(၃) |
| ၁၁ | ဆမ်ဆယ် | တိုင်း(၃) |
| ၁၂ | နောင်ချို | တိုင်း(၃) |
| ၁၃ | နောင်ပိန် | တိုင်း(၃) |
| ၁၄ | စခန်းသာ | တိုင်း(၃) |
| ၁၅ | ကျောက်မဲ | တိုင်း(၃) |
| ၁၆ | ဘော်ကြို | တိုင်း(၃) |
| ၁၇ | သီပေါ | တိုင်း(၃) |
| ၁၈ | လားရှိုး | တိုင်း(၃) |

# တောင်တွင်းကြီး-ပုဂံ-အောင်လံလမ်းပိုင်း

နောက်ဆက်တွဲ(ဈ)

| စဥ် | ဘူတာအမည် | မီးရထားတိုင်းအမှတ် |
|---|---|---|
| ၁ | ပုဂံ | တိုင်း(၁၁) |
| ၂ | ကျောက်ပန်းတောင်း | တိုင်း(၁၁) |
| ၃ | ညောင်တို | တိုင်း(၁၁) |
| ၄ | လေးအိမ် | တိုင်း(၁၁) |
| ၅ | မြို့သစ် | တိုင်း(၁၁) |
| ၆ | ဆတ်သွား | တိုင်း(၁၁) |
| ၇ | အောင်လံ | တိုင်း(၁၁) |
| ၈ | မကွေး | တိုင်း(၁၁) |
| ၉ | နတ်မောက် | တိုင်း(၁၁) |
| ၁၀ | ဆားခါး | တိုင်း(၁၁) |
| ၁၁ | မြင်းခြံ | တိုင်း(၁၁) |
| ၁၂ | မိတ္ထီလာ | တိုင်း(၁၁) |
| ၁၃ | အင်တောကျယ် | တိုင်း(၁၁) |

## ပခုက္ကူ-ကလေးလမ်းပိုင်း

နောက်ဆက်တွဲ(ည)

| စဉ် | ဘူတာအမည် | မီးရထားတိုင်းအမှတ် |
|---|---|---|
| ၁ | ပခုက္ကူ | တိုင်း(၁၀) |
| ၂ | ကလေး | တိုင်း(၁၀) |

## ပခုက္ကူ-ကျွန်းချောင်း-ဆိတ်ဖြူလမ်းပိုင်း

| စဉ် | ဘူတာအမည် | မီးရထားတိုင်းအမှတ် |
|---|---|---|
| ၁ | ပခုက္ကူ | တိုင်း(၁၀) |
| ၂ | ကျွန်းချောင်း | တိုင်း(၁၀) |
| ၃ | တန့်ကြည်တောင် | တိုင်း(၁၀) |
| ၄ | အရာတော် | တိုင်း(၁၀) |
| ၅ | ရွာသစ် | တိုင်း(၁၀) |
| ၆ | ဒေါင်းသာ | တိုင်း(၁၀) |
| ၇ | အုန်းမှင် | တိုင်း(၁၀) |
| ၈ | ဂျုတ်ချောင်လေး | တိုင်း(၁၀) |
| ၉ | ဆိတ်ဖြူ | တိုင်း(၁၀) |

## ချောင်းဦး-ပခုက္ကူလမ်းပိုင်း

| စဉ် | ဘူတာအမည် | မီးရထားတိုင်းအမှတ် |
|---|---|---|
| ၁ | ချောင်းဦး | တိုင်း(၂) |
| ၂ | ငလုံးတင် | တိုင်း(၂) |
| ၃ | မကျည်းဘုတ် | တိုင်း(၂) |
| ၄ | အောက်အို | တိုင်း(၁၀) |
| ၅ | မအူ | တိုင်း(၁၀) |
| ၆ | ရေစကြို | တိုင်း(၁၀) |
| ၇ | ပခန်းကြီး | တိုင်း(၁၀) |
| ၈ | ကျောက်လှေကား | တိုင်း(၁၀) |
| ၉ | ပခုက္ကူ | တိုင်း(၁၀) |

# ကျော-ကလေးလမ်းပိုင်း

နောက်ဆက်တွဲ(ဋ)

| စဉ် | ဘူတာအမည် | မီးရထားတိုင်းအမှတ် |
|---|---|---|
| ၁ | ကျော | တိုင်း(၁၀) |
| ၂ | ရေမျက်နီ | တိုင်း(၁၀) |
| ၃ | ကောင်းတုံ | တိုင်း(၁၀) |
| ၄ | လယ်မ | တိုင်း(၁၀) |
| ၅ | ဂန့်ဂေါ | တိုင်း(၁၀) |
| ၆ | လာပို့ | တိုင်း(၁၀) |
| ၇ | မြင်းဇာ | တိုင်း(၁၀) |
| ၈ | လက်ပန် | တိုင်း(၁၀) |
| ၉ | ကန် | တိုင်း(၁၀) |
| ၁၀ | မွေ့လယ် | တိုင်း(၁၀) |
| ၁၁ | နှမ်းခါး | တိုင်း(၁၀) |
| ၁၂ | တောင်ခင်ရမ်း | တိုင်း(၁၀) |
| ၁၃ | မြောက်ခင်ရမ်း | တိုင်း(၁၀) |
| ၁၄ | ဟံသာဝတီ | တိုင်း(၁၀) |
| ၁၅ | မှန်တော | တိုင်း(၁၀) |
| ၁၆ | ဆည်တော် | တိုင်း(၁၀) |
| ၁၇ | စည်ဟောင် | တိုင်း(၁၀) |
| ၁၈ | ဟဲလုတ် | တိုင်း(၁၀) |
| ၁၉ | နတ်ချောင်း | တိုင်း(၁၀) |
| ၂၀ | ထောက်ကြန့် | တိုင်း(၁၀) |
| ၂၁ | ထိုမာ | တိုင်း(၁၀) |
| ၂၂ | ကလေး | တိုင်း(၁၀) |